INDIANA UNIVERSITY HEALTH ငွေရေးကြေးရေး ထောက်ပံ့ကူညီမှု မူဝါဒ

IU Health ဆေးရုံတည်နေရာတစ်ခုတွင် ကုသစောင့်ရှောက်မှု ခံယူနေသော သတ်မှတ်ချက်ပြည့်မီသည့် လူနာများအနေဖြင့် ငွေရေးကြေးရေး ထောက်ပံ့ကူညီမှုကို ရရှိနိုင်ပါသည်။ သင် အာမခံမထားရှိပါက စျေးလျှော့ပေးမည်ဖြစ်ပြီး ထို IU Health ဆေးရုံအဆောက်အအုံတွင် အာမခံအကျုံးဝင်သော လူနာများထံမှ ယေဘုယျအားဖြင့် ကောက်ခံသည့်ပမာဏကိုသာ သင့်ထံမှ ကောက်ခံပါမည်။ သင့်အာမခံတွင် အကျုံးမဝင်သည့် ဆေးဘက်ဆိုင်ရာအရ လိုအပ်သော ဝန်ဆောင်မှုတစ်ရပ်ကို သင် လက်ခံရရှိပါကအာမခံမရှိသော လူနာများအတွက် စျေးလျှော့ပေးခြင်းနှင့် အလားတူသော စျေးလျှော့ပေးမှုတစ်ရပ်ကို ရရှိပါမည်။ ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် IU Health နှင့် ကြိုတင်ညှိနှိုင်းထားသော သဘောတူညီချက်တစ်ရပ်ကို သင် ရယူထားပါက ဤမူဝါဒအရ ငွေရေးကြေးရေး ထောက်ပံ့ကူညီမှုရရန် သင်
သတ်မှတ်ချက်ပြည့်မီမည်မဟုတ်ပါ။

သင်သည် IU Health ငွေရေးကြေးရေး ထောက်ပံ့ကူညီမှု မူဝါဒတွင် ဖွင့်ဆိုသတ်မှတ်ထားသည့်အတိုင်း Indiana ပြည်နယ် ဒေသခံတစ်ဦး ဖြစ်ပြီး ဆေးရုံအရေးပေါ်ဌာန၊ ဆရာဝန်ရုံးခန်းမှ တိုက်ရိုက်ဆေးရုံတင်ခြင်း သို့မဟုတ် အခြားဆေးရုံတစ်ခုမှ လွှဲပြောင်းခြင်းအားဖြင့် ကုသစောင့်ရှောက်မှုကို ခံယူရပါက၊ သင်၏ ဆေးဝါးကုသမှု ငွေတောင်းခံလွှာများအတွက် ငွေပေးချေရန် ငွေရေးကြေးရေးအရ အခက်အခဲရှိနေပြီး သင်ကလည်း လျှောက်ထားပါက ထပ်ဆောင်းထောက်ပံ့ကူညီမှုကို ရရှိရန် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။ သင်သည် အောက်ဖော်ပြပါ ဖက်ဒရယ် ဆင်းရဲမွဲတေမှု သတ်မှတ်အဆင့်အတန်း (FPL) စံနှုန်းနှင့် ကိုက်ညီပါက သင်၏ ဆေးဝါးကုသမှု ငွေတောင်းခံလွှာပါ ပမာဏအတိုင်း ငွေရေးကြေးရေး ထောက်ပံ့ကူညီမှုကို အပြည့်ရရှိရန် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။

အိမ်ထောင်စုအတွင်း လူကြီး #	အိမ်ထောင်စုအတွင်း မိုဘုံသူ #	FPL ဝင်ငွေအတိုင်းအတာ သတ်မှတ်ချက်
1+	0	200%
2+	1+	250%
1	1+	300%

သင်၏ဝင်ငွေသည် ဖော်ပြပါသတ်မှတ်အဆင့်အတန်းများထက် ပိုများသော်လည်း သင် ပေးချေရန်ရှိသည့် ပမာဏမှာ သင့်အိမ်ထောင်စု တစ်နှစ်တာဝင်ငွေ၏ 20% အထက် ဖြစ်နေပါက သင် လျှောက်ထားလျှင် လူနာဘက်မှ ပေးချေရမည့် လက်ကျန်ငွေကို သင့်တစ်နှစ်တာဝင်ငွေ၏ 5% သို့ လျှော့ချပေးရန် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။

ငွေကြေး အခက်အခဲကြောင့် ငွေရေးကြေးရေး ထောက်ပံ့ကူညီမှု ရရှိရန် အတည်ပြုထားသည့် မည်သည့်လူနာအတွက်မဆို ဝန်ဆောင်မှုများကို ၎င်းလက်ခံရရှိခဲ့သည့် IU Health ဆေးရုံအဆောက်အအုံတွင် အလားတူ ကုသစောင့်ရှောက်မှုတစ်ရပ်အတွက် အာမခံအကျုံးဝင်မှုရှိသည့် လူနာများထံမှ ယေဘုယျအားဖြင့် တောင်းခံသည့် ပမာဏများထက် ပိုမိုကျသင့်မည်မဟုတ်ပါ။

ပြည့်စုံသော ဌေးရေးကြေးရေးထောက်ပံ့ကူညီမှု လျှောက်လွှာများကို စဉ်းစားသုံးသပ်ပေးနိုင်ရန် လိုအပ်သော ပူးတွဲစာရွက်စာတမ်းနှင့် အချက်အလက်များအားလုံး ပါရှိရပါမည်။ ထပ်ဆောင်း ထောက်ပံ့ကူညီမှုအတွက် သင် သတ်မှတ်ချက်ပြည့်မီသည်ဟု IU Health ကဆုံးဖြတ်နိုင်ပြီး Medicaid နှင့် Healthy Indiana အစီအမံအပါအဝင်ဖြစ်ပြီး ၎င်းတို့ချည်းသာဟု ကန့်သတ်မထားသော အခြားထောက်ပံ့ကူညီမှု အစီအစဉ်များအတွက် လျှောက်လွှာဖြည့်စွက်ရန် သင့်ကို ကူညီပေးနိုင်သည်။ ဌေးရေးကြေးရေး ထောက်ပံ့ကူညီမှုကို အတည်ပြုလိုက်ပါက စာဖြင့်ရေးသားထားသော အကြောင်းကြားချက်နှင့် သင်ပေးချေရမည့် လျှော့ချထားသော လက်ကျန်ငွေပါဝင်သည့် ရှင်းလင်းဖော်ပြချက်အသစ်တစ်ရပ်ကို လက်ခံရရှိပါမည်။

IU Health ဌေးရေးကြေးရေး ထောက်ပံ့ကူညီမှု လျှောက်လွှာ၊ ဌေးရေးကြေးရေး ထောက်ပံ့ကူညီမှု မူဝါဒနှင့် IU Health ဌေးရေးကြေးရေး ထောက်ပံ့ကူညီမှု အနှစ်ချုပ်တို့ကို IU Health တည်နေရာတိုင်းရှိ မှတ်ပုံတင်စားပွဲတွင်ဖြစ်စေ အွန်လိုင်းရှိ www.iuhealth.org/financialassistance တွင်ဖြစ်စေ အခမဲ့ရရှိနိုင်သည်။ မူဝါဒ၊ လျှောက်လွှာနှင့် ဤရိုးရှင်းသောစကားအသုံးအနှုန်းဖြင့် ရေးသားဖော်ပြထားသည့် အနှစ်ချုပ်တို့ကို အင်္ဂလိပ်ဘာသာအပြင် အောက်ပါဘာသာစကားများဖြင့် ဒေါင်းလုဒ်လုပ်ရန် သို့မဟုတ် ပရင့်ထုတ်ရန် ရရှိနိုင်ပါသည်- အာရပ်၊ မြန်မာ၊ ဟားခါးချင်း၊ ကရင်၊ မန်ဒရင်းတရုတ်နှင့် စပိန်။

ရရှိနိုင်သော ဌေးရေးကြေးရေး ထောက်ပံ့ကူညီမှု၊ လျှောက်ထားမှုလုပ်ငန်းစဉ်တို့အကြောင်း ပိုမိုသိရှိရန်၊ ထောက်ခံချက်ရ ဌေးရေးကြေးရေး လမ်းညွှန်ကူညီသူတစ်ဦးနှင့် စာရင်းသွင်းမှုဆိုင်ရာ ချိန်းဆိုရန်အတွက် တောင်းဆိုရန် သို့မဟုတ် လျှောက်လွှာစာရွက်စာတမ်းများ၏ အခမဲ့မိတ္တူကို စာတိုက်မှတစ်ဆင့် တောင်းဆိုရန် 1-888-531-3004 မှတစ်ဆင့် ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ သို့မဟုတ် IU Health တည်နေရာတိုင်းရှိ မှတ်ပုံတင်စားပွဲတွင် အကူအညီတောင်းပါ။

Indiana University Health